ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၄.၉.၂၀၁၈)ရက်နေ့တွင် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီမှ လွှတ်တော်သို့ အစီရင်ခံစာရှင်းလင်းဖတ်ကြားတင်ပြခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေး ဆိုင်ရာ မြှင့်တင်မှုကော်မတီမှ ရှင်းလင်းဖတ်ကြားတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးနှင့် ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ အဖွဲ့ဝင်၊ သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ၏ ဒုတိယ နှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အဖွဲ့ဝင်(၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး (၈.၁၂.၂၀၁၇)ရက်နေ့တွင် အဖွဲ့ဝင်(၉)ဦးဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေး ဆိုင်ရာ မြှင့်တင်မှုကော်မတီအဖြစ် အမည်ပြောင်းလဲတိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

**စိစစ်တွေ့ရှိချက်**

ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီသည် အစည်းအဝေးကို (၉)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်သို့ (၁)ကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့မှ (၂၄) ရက်နေ့ အထိကို ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်၊ မိုးနဲမြို့နယ်သို့လည်းကောင်း၊

၂၀၁၈ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းယောင်း မြို့နယ်သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ (၂၇)ရက်နေ့မှ (၃၀)ရက်နေ့အထိကို တာချီလိတ် ခရိုင်၊ မိုင်းဖြတ်မြို့နယ်သို့လည်းကောင်း ကွင်းဆင်းစိစစ်နိုင်ခဲ့ ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်သို့လည်း သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ အမျိုးသမီးအဖွဲ့မှ မိမိကော်မတီသို့ တိုင်တန်းချက်အရ ၂၀၁၈ ခုနှစ် မတ်လ (၃၁) ရက်နေ့နှင့် ဧပြီလ(၁)ရက်နေ့တွင် မုဒိမ်းကျင့်ခံရသော မိသားစုနှင့်တွေ့ဆုံပြီး ကော်မတီမှ တတ်အားသရွေ့ ငွေကြေးထောက်ပံ့ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် သွားရောက်ကူညီအားပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ဒုတိယခရိုင် တရားသူကြီးနှင့် အမှုဖြစ်စဉ် အကြောင်းအရာကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ (၁)လ အတွင်းမှာပင် ပြစ်မှုကျူးလွန်သူကို ဒုတိယခရိုင်တရားသူကြီးကလည်း ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် စီရင်ချက်ချခဲ့သည်ကို သိရှိရပါသည်။

ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း အချိန်ကြန့်ကြာမှုမရှိဘဲ ပြန်လည်ပေးပို့လာသည်ကို သုံးသပ်ရလျှင် အားရကျေနပ်မှုရှိပါသည်။ အထူးသဖြင့် မိမိတို့ ကော်မတီနှင့် ဆက်စပ်မှု ရှိသည့် လူမှုရေးဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။

ရှေ့လုပ်ငန်းစဉ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့လည်း မြို့နယ်ကိုယ်စားလှယ်များ၏ လိုအပ်ချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ကွင်းဆင်းရန် စီစဉ်ထားရှိပါသည်။ ရေးရာကော်မတီများ အားကောင်းမှ လွှတ်တော်အားကောင်းမည်ဖြစ်သည်။ လွှတ်တော်အားကောင်းစေရန်လည်း အကောင်အထည် ဖော်ဆောင်မှုကဏ္ဍဖြစ်သည့် အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုသည် အဓိကကျပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီသည် တတ်စွမ်းသမျှဆောင်ရွက်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များတွင်လည်း ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ရှေ့လုပ်ငန်းစဉ်များတွင်လည်း ဝန်ကြီးချုပ်နှင့်တကွ

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အကြီးအမှူးများ သက်ဆိုင်ရာဌာနများကလည်း ဆက်လက် ကူညီပံ့ပိုးပေးပါရန် တောင်းဆို အပ်ပါသည်။

**အကြံပြုတင်ပြချက်**

ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီအနေဖြင့် အကြံပြု ဆွေးနွေးတင်ပြလိုသည်မှာ-

(၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်၏ ဥပဒေပြုခွင့်ရှိသည့် ဇယား (၂)နှင့် ဇယား(၅)တွင် အများပြည်သူ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်နှင့် ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေသစ်များ ပေါ်ထွန်းလာရေးအတွက် တတ်ကျွမ်းနားလည်သည့် ဥပဒေပညာရှင်များကို ဖိတ်ခေါ်ပြီး ရေးဆွဲ ရန်၊

( ၂) လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်မားစေရန် ပြည်ပသို့ လေ့လာရေးခရီးစေလွှတ်ခြင်းနှင့် သင်တန်းများများတက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း၊

( ၃) ရှမ်းပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်လွှတ်တော်နှင့် CSO များမှ ကြီးမှူးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ခေါင်းစဉ်အရ ဒေသအခြေအနေနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်များကို ဦးစားပေးရွေးချယ် တက်ရောက်စေရန် လိုအပ်ခြင်း၊

(၄) ရေးရာကော်မတီအသီးသီး၏ ရင်ထိုးတံဆိပ်များ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိခြင်း စသည်တို့ကို အကြံပြုဆွေးနွေးတင်ပြပြီး ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၏ ဒုတိယနှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းလျက်နိဂုံးချုပ် အပ်ပါသည်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(သတ္တမနေ့)တွင် ရှမ်းပြည်နယ် လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။